# ဓမ္မသစ်ဩဝါဒစာစောင်များ သင်ခန်းစာလမ်းညွှန်

**ဟေဗြဲဩဝါဒစာ**
**ယာကုပ်ဩဝါဒစာ**
**ဗျာဒိတ်ကျမ်း**

## သင်ခန်းစာဖော်ပြချက်

ဤသင်ခန်းစာသည် ဓမ္မသစ်ကျမ်းတွင် အခက်ခဲဆုံး၊ လက်တွေ့ကျပြီး တစ်ခါတစ်ရံတွင် ဇတ်လမ်းဆန်သောစာအုပ်သုံးအုပ်ဖြစ်သည့် ဟေဗြဲဩဝါဒစာ၊ ယာကုပ်ဩဝါဒစာနှင့် ဗျာဒိတ်ကျမ်းတို့၏ နောက်ခံ၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနှင့် အကြောင်းအရာတို့ကို ရှင်းပြထားသည်။ ၎င်းတို့၏အကြောင်းအရာများနှင့် အချက်အလက်အများစုသည် နားလည်ရန်ခက်ခဲသော်လည်း၊ မူလပရိသတ်များသည် နှိပ်စက်ညှဉ်းပန်းခံရပြီး ခရစ်တော်ထံတော်မှ ဖယ်ခွာရန် သွေးဆောင်ခံရသည်ကို ကျွန်ုပ်တို့သိရှိသောအခါ နားလည်ရန်အထောက်အကူဖြစ်စေပါသည်။ ဤသင်ခန်းစာသည် တတိယထောင်စုနှစ်အမှုတော်များမှ ထုတ်ဝေသော သာ့ဒ်မစ်လ်ဗီဒီယိုစီးရီးသုံးခုဖြစ်သည့် ဟေဗြဲဩဝါဒစာ၊ ယာကုပ်ဩဝါဒစာ၊ နှင့် ဗျာဒိတ်ကျမ်းတို့ကို အခြေခံထားပြီး၊ ဒေါက်တာစတီဖင်အွမ်၊ ဒေါက်တာပေါလ်ဂါဒနာနှင့် ဒေါက်တာစတိဗ်ဘရောင်းတို့က တင်ဆက်ထားကာ ပညာရှင်များစွာမှ ပံ့ပိုးကူညီထားသည်။

## ပန်းတိုင်များနှင့် ရည်မှန်းချက်များ

### *ပန်းတိုင်များ*

ဤသင်ခန်းစာတွင် အောက်ပါတို့ကို ပြီးမြောက်စေလိုပါသည်_

1. ဟေဗြဲ၊ ယာကုပ်ဩဝါဒစာနှင့် ဗျာဒိတ်ကျမ်းတို့၏ နောက်ခံ၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အကြောင်းအရာများကဲ့သို့သော အဓိကအချက်များကိုသင်ယူရန်အတွက် သင်ခန်းစာ၏ အရင်းအမြစ်အားလုံးကို သင်အသုံးပြုမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။
    - ၎င်းတို့ကို မည်သူရေးခဲ့သနည်း၊ အဘယ်ကြောင့်နည်း။
    - အဓိကအကြောင်းအရာများကား အဘယ်နည်း။
    - ယနေ့ခေတ်တွင် ၎င်းတို့ကို မည်သို့ကျင့်သုံးရမည်နည်း။

2. သင့်ခရစ်ယာန်အသက်တာတွင် အားပေးမှုရရှိပြီး ဤစာသုံးစောင်ပေးအပ်သောဉာဏ်ပညာကို နားလည်သဘောပေါက်လာမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

3. ဤဓမ္မသစ်ကျမ်းသုံးစောင်၏သွန်သင်ချက်များအပေါ် တုံ့ပြန်သည့်အနေဖြင့် သင့်ဘဝတွင် ပြောင်းလဲမှုအချို့ပြုလုပ်ပြီး၊ အထူးသဖြင့် မှားယွင်းသောသွန်သင်ချက်များ၊ မိုက်မဲသောသွန်သင်ချက်များနှင့် ခရစ်တော်ထံမှဖယ်ခွာရန် သွေးဆောင်မှုများကိုရင်ဆိုင်နေရသော ခရစ်ယာန်များကို အားပေးကူညီရန် သင်၏အခန်းကဏ္ဍကို ဆောင်ရွက်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

## *ရည်မှန်းချက်များ*

အောက်ပါတို့ကို သင်လုပ်ဆောင်ပြီးသောအခါ၊ ဤရည်ရွယ်ချက်များ ပြည့်မီကြောင်း ပြပါလိမ့်မည်–

1. ဤစာသုံးစောင်၏ နောက်ခံ၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အကြောင်းအရာများဆိုင်ရာ အဓိကအချက်အလက်များကို သင်ခွဲခြားသိမြင်နိုင်ကြောင်း ပြသသည့် ဉာဏ်စမ်းပဟေဠိများနှင့် စာမေးပွဲများတွင် ကျေနပ်ဖွယ်ရာအဆင့်များကို ရယူပါ။

2. ဤစာများ၏သွန်သင်ချက်များနှင့်စပ်လျဉ်းသည့် သင့်အတွေးအမြင်သဘောထားများကို ဖော်ပြကာ၊ ထိုအယူအဆများကို သင့်ဘဝနှင့်အမှုတော်တွင် လက်တွေ့ကျသောနည်းလမ်းဖြင့် ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် သင်ခန်းစာအတွက် လေ့လာမှုလမ်းညွှန်များနှင့် အထိမ်းအမှတ်တံဆိပ်ကို ပြီးမြောက်အောင် လုပ်ဆောင်ပါ။

3. အယူအဆသဘောတရားများကို ပို၍အပြည့်အဝနားလည်နိုင်ရန်နှင့် သင့်အသက်တာနှင့်အမှုတော်တွင် ကျင့်သုံးရန်၊ သာ့ဒ်မစ်လ်ဗီဒီယိုများ၏ သွန်သင်ချက်များကို ဆင်ခြင်သုံးသပ်ပြီး အပတ်စဉ်ဆွေးနွေးမှုအစီအစဉ်များတွင် ပါဝင်ပါ။

## ဓမ္မသစ်ဩဝါဒစာစောင်များ သင်ခန်းစာအတွက်မော်ဂျူးများစာရင်း

1. ဟေဗြဲဩဝါဒစာ နောက်ခံနှင့်ရည်ရွယ်ချက်

2. ဟေဗြဲဩဝါဒစာ ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံ

3. ယာကုပ်ဩဝါဒစာ နိဒါန်း

4. ယာကုပ်ဩဝါဒစာ ဉာဏ်ပညာလမ်းစဉ် နှစ်ခု

5. ဗျာဒိတ်ကျမ်း နောက်ခံသမိုင်း

6. ဗျာဒိတ်ကျမ်း ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံ၊ အပိုင်း တစ်

7. ဗျာဒိတ်ကျမ်း ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံ၊ အပိုင်း နှစ်

8. ဗျာဒိတ်ကျမ်း ရှင်ဘုရင်နှင့် သူ၏နိုင်ငံတော်

# သင်ခန်းစာအခြေခံအချက်များ၏ ရှင်းလင်းချက်

## *အထိမ်းအမှတ်တံဆိပ်*

1. အပတ်စဉ်တိုင်း၊ သင်၏အဖွဲ့ဆွေးနွေးမှုအချိန်၏တစ်စိတ်တစ်ပိုင်းကို **တံဆိပ်ပါစာရွက်စာတမ်း**မှတစ်ဆင့် လုပ်ဆောင်ရန် အာရုံစိုက်သင့်သည်။ ဤစာမျက်နှာနှစ်မျက်နှာပါလမ်းညွှန်ချက်သည် အရေးကြီးသော အမှုတော်ဆိုင်ရာစွမ်းရည် တိုးတက်ရန်သင်ကြိုးစားနေချိန်တွင် သင့်နည်းပြအတွက် ယေဘူယျလမ်းညွှန်ချက်ကို ပေးပါလိမ့်မည်။

2. ပထမရက်သတ္တပတ်အနည်းငယ်တွင်၊ သင်၏ဆွေးနွေးမှုအချိန်တစ်စိတ်တစ်ပိုင်းကို တံဆိပ်ညွှန်ကြားချက်များတွင် ဖော်ပြထားသည့် _ဆွေးနွေးမှုအကြောင်းအရာများ_ မှတစ်ဆင့် အသုံးပြုသွားပါမည်။

3. အဖွဲ့ဆွေးနွေးချိန်များတစ်လျှောက် ခိုင်မာသောအခြေခံအုတ်မြစ် ချပြီးသည်နှင့်၊ ကျန်သီတင်းပတ်များကို _လုပ်ဆောင်မှုအတွက်ခေါ် ဖိတ်ခြင်း_ တံဆိပ်ကိုအသုံးပြု၍ လုပ်ဆောင်ပါ။

4. တံဆိပ်လမ်းညွှန်ချက်များအရ သင့်နည်းပြဆရာသည် လုပ်ဆောင်မှုအဆင့်များပြီးဆုံးကြောင်း ဆုံးဖြတ်ပြီးသည်နှင့် သင့်အား အထိမ်းအမှတ်တံဆိပ်ချီးမြှင့်မည်ဖြစ်သည်။

## *မော်ဂျူးလ်များ*

1. *သင်ခန်းစာများ*ကိုလေ့လာပါ_ **ဗီဒီယို**ကိုကြည့်ပါ၊ **အသံ**ကို နားထောင်ပါ၊ သို့မဟုတ် **စာမူ**ကိုဖတ်ပါ။

2. မော်ဂျူးလ်တစ်ခုစီအတွက် **လေ့လာမှုလမ်းညွှန်**ကို ပြီးဆုံးအောင်လေ့လာပါ။ ဤလေ့လာမှုလမ်းညွှန်များသည် အွန်လိုင်းဉာဏ်စမ်းပဟေဠိအတွက် ပြင်ဆင်ပေးလိမ့်မည်။

3. မော်ဂျူးလ်တစ်ခုစီအတွက် အွန်လိုင်း**ဉာဏ်စမ်းပဟေဠိ**ကို ဖြေဆိုပါ။ ဉာဏ်စမ်းပဟေဠိများကို သင်အလိုရှိသလောက် အကြိမ်များစွာ ဖြေဆိုနိုင်သော်လည်း၊ ဖြေဆိုမှုတစ်ခုစီကြားတွင် တစ်နာရီခန့် စောင့်ရပါမည်။ သင်၏အမြင့်ဆုံးရမှတ်သည် တရားဝင်အဆင့် ဖြစ်လိမ့်မည်။ အယူအဆသဘောတရားများကို ကောင်းစွာ နားလည်သဘောပေါက်ကြောင်း သေချာစေရန်၊ အပတ်စဉ် ဆွေးနွေးမှုတွင်မပါဝင်မီ အနည်းဆုံး ၈၀% ရရှိဖို့ရန် အကြံပြုအပ်ပါသည်။

4. **ဆွေးနွေးမှုလမ်းညွှန်ကို** အသုံးပြု၍ သင့်အဖွဲ့ နည်းပြဆရာနှင့်အတူ အပတ်စဉ် *ဆွေးနွေးမှုများ* တွင် ပါဝင်ပါ။ ဤဆွေးနွေးချက်များသည် သင်ခန်းစာအကြောင်းအရာကို အပြည့်အဝနားလည်သဘောပေါက်ရန်နှင့် သင့်အသက်တာနှင့်အမှုတော်တွင် အယူအဆသဘောတရားများကို မှန်ကန်စွာကျင့်သုံးနိုင်စေရန်အတွက် အရေးကြီးပါသည်။ သင်ရိုးတစ်ခုစီအတွက် ဆွေးနွေးမှုသည် အနည်းဆုံး တစ်နာရီကြာဆွေးနွေးရန် အကြံပြုပါသည်။

## *နောက်ဆုံး စာမေးပွဲ*

ဖြေဆိုခြင်းကို သင်အလိုရှိသလောက် အကြိမ်များစွာ ဖြေဆိုနိုင်သော်လည်း၊ ဖြေဆိုမှုတစ်ခုစီကြားတွင် တစ်နာရီခန့် စောင့်ရပါမည်။ တရားဝင်ရမှတ်သည် သင်၏အမြင့်ဆုံးအဆင့်ဖြစ်ပြီး၊ သင်ခန်းစာပြီးမြောက်ရန်အတွက် နောက်ဆုံးစာမေးပွဲတွင် အနည်းဆုံး ၈၀% ရရှိရပါမည်။

## အဆင့်များ

နောက်ဆုံးအဆင့်ကို အောက်ပါအတိုင်း တွက်ချက်မည် -

1. သင်ကြားပို့ချချက်များအပေါ် ဉာဏ်စမ်းပဟေဠိများတစ်ခုစီတိုင်းသည် အမှတ် ၃၀ တန်ဖိုးရှိသည်။
2. သင်ကြားပို့ချချက်များအပေါ် နောက်ဆုံးစာမေးပွဲသည် အမှတ် ၁၀၀ တန်ဖိုးရှိသည်။
3. တံဆိပ်သည် သင့်အဆင့်ကို ထိခိုက်မည်မဟုတ်သော်လည်း နည်းပြဆရာ၏ ကျေနပ်မှုရှိရမည်ဖြစ်ပြီး၊ ဖောင်ဒေးရှင်းလက်မှတ်စစ်ဆေးရေးစာရင်းတွင် ပြီးမြောက်ကြောင်း အမှတ်အသားပြုထားရပါမည်။

စုစုပေါင်းသင်ခန်းစာရမှတ် ၈၀% အထက်ကို အောင်မြင်သည်ဟု မှတ်ယူပါသည်။

-----------------------------------

**ဤသင်ခန်းစာအတွက် ပံ့ပိုးကူညီသူများစာရင်း** (မှတ်တမ်းတင်သည့်အချိန်နှင့် သက်ဆိုင်သော အဖွဲ့အစည်းများကို ဖော်ပြထားပါသည်။)

**Dr. Jimmy Agan** သည် Covenant Theological Seminary တွင် ဓမ္မသစ်ကျမ်းဆိုင်ရာ တွဲဖက်ပါမောက္ခနှင့် တရားဟောပညာဌာန ဒါရိုက်တာဖြစ်သည်။

**Rev. Ivan Bespalov** သည် ယူကရိန်းနိုင်ငံ၊ ကိယက်ဗ်ရှိ Church of the Holy Trinity ၏ သင်းအုပ်ဆရာဖြစ်သည်။

**Dr. Steve Blakemore** သည် Wesley Biblical Seminary တွင် ဒဿနိကဗေဒဆိုင်ရာ လက်ထောက်ပါမောက္ခဖြစ်သည်။

**Dr. Constantine R. Campbell** သည် Trinity Evangelical Divinity School တွင် ဓမ္မသစ်ကျမ်းဆိုင်ရာ တွဲဖက်ပါမောက္ခဖြစ်သည်။

**Dr. D.A. Carson** သည် Trinity Evangelical Divinity School မှ ဓမ္မသစ်ကျမ်း၏ သုတေသနဆိုင်ရာပါမောက္ခဖြစ်ပြီး The Gospel Coalition ၏ ပူးတွဲတည်ထောင်သူဖြစ်သည်။

**Dr. David W. Chapman** သည် Covenant Theological Seminary တွင် ဓမ္မသစ်ကျမ်းနှင့် ရှေးဟောင်းသုတေသန၏ တွဲဖက်ပါမောက္ခဖြစ်သည်။

**Dr. Robert B. Chisholm, Jr.**သည် Dallas Theological Seminary တွင် ဓမ္မဟောင်းဌာနမှူးနှင့် ပါမောက္ခဖြစ်သည်။

**Dr. Brandon D. Crowe** သည် Westminster Theological Seminary မှ ဓမ္မသစ်ကျမ်းဆိုင်ရာ လက်ထောက်ပါမောက္ခဖြစ်သည်။

**Dr. Dan Doriani** သည် Strategic Academic Initiatives ၏ ဒုတိယဥက္ကဋ္ဌဖြစ်ပြီး Covenant Theological Seminary တွင် ဓမ္မဘာသာရပ်ဆိုင်ရာ ပါမောက္ခဖြစ်သည်။

**Mr. Steve Douglass** သည် Cru နှင့် Campus Crusade for Christ International ၏ ဥက္ကဋ္ဌနှင့် ဘုတ်အဖွဲ့ဥက္ကဋ္ဌဖြစ်သည်။

**Dr. William Edgar** သည် Westminster Theological Seminary တွင် Apologeticsပါမောက္ခဖြစ်သည်။

**Dr. Matt Friedeman** သည် Wesley Biblical Seminary တွင် ဧဝံဂေလိပညာနှင့် တပည့်တော်ဖြစ်ခြင်းဆိုင်ရာ ပါမောက္ခဖြစ်သည်။

**Dr. David B. Garner** သည်ပင်ဆယ်ဗေးနီးယား Glenside ရှိ Westminster Theological Seminary တွင်စနစ်ကျသော ဓမ္မပညာဆိုင်ရာ တွဲဖက်ပါမောက္ခဖြစ်သည်။

**Dr. Jeffrey A. Gibbs** သည် Concordia Seminary တွင် Exegetical Theology ပါမောက္ခဖြစ်သည်။

**Dr. Benjamin Gladd** သည် Reformed Theological Seminary တွင် ဓမ္မသစ်ကျမ်းဆိုင်ရာ လက်ထောက်ပါမောက္ခဖြစ်သည်။

**Rev. Michael J. Glodo** သည် ဖလော်ရီဒါ Orlando ရှိ၊ Reformed Theological Seminary တွင်ကျမ်းစာလေ့လာခြင်းဆိုင်ရာ တွဲဖက်ပါမောက္ခဖြစ်သည်။

**Dr. James M. Hamilton** သည် The Southern Baptist Theological Seminary တွင် Biblical Theology ဆိုင်ရာ တွဲဖက်ပါမောက္ခဖြစ်ပြီး၊ Kenwood Baptist Church မှတရားဟောဆရာဖြစ်သည်။

**Dr. Dennis E. Johnson** သည် Westminster Seminary California တွင် လက်တွေ့ကျသောဓမ္မပညာဆိုင်ရာပါမောက္ခနှင့် ပညာရေးမှူးဖြစ်သည်။

**Mr. Bradley T. Johnson** သည် Wesley Chapel United Methodist Church ၏ သင်းအုပ်ဆရာနှင့် Asbury Theological Seminary တွင် တွဲဖက်ပါမောက္ခဖြစ်သည်။

**Dr. Barry Joslin** သည် Kentucky, Louisville ရှိ Boyce College တွင် ခရစ်ယာန်ဓမ္မပညာနှင့် ကျမ်းစာနှင့် ဓမ္မပညာဆိုင်ရာ အစီအစဉ်ညွှန်ကြားရေးမှူးဖြစ်သည်။

**Dr. Edward M. Keazirian** သည် ဂရိဘာသာဆိုင်ရာ လက်ထောက်ပါမောက္ခဖြစ်ပြီး Gordon-Conwell Theological Seminary တွင် ဂရိဘာသာစကားအစီအစဉ်၏ ညွှန်ကြားရေးမှူးဖြစ်သည်။

**Dr. Thomas L. Keene** သည် Christ the King Presbyterian Church တွင် Family Ministries ၏တွဲဘက်သင်းအုပ်ဆရာဖြစ်ပြီး Glenside၊ PA ရှိ Westminster Theological Seminary တွင် အချိန်ပိုင်းကထိကဖြစ်သည်။

**Dr. Craig S. Keener** သည် Asbury Theological Seminary တွင် F.M. နှင့် Ada Thompson ဓမ္မပညာဆိုင်ရာလေ့လာခြင်းဌာနမှူး ဖြစ်သည်။

**Dr. Michael Kennison** သည် စိန့်လူးဝစ်၊ MO ရှိ Kirk of the Hills တွင် ပြုစုစောင့်ရှောက်မှုဆိုင်ရာ တွဲဖက်သင်းအုပ်ဆရာဖြစ်သည်။

**Dr. Simon J. Kistemaker** သည် ဖလော်ရီဒါပြည်နယ်၊ Orlando ရှိ Reformed Theological Seminary တွင် ဓမ္မသစ်ကျမ်းဆိုင်ရာ ပါမောက္ခချုပ်ဖြစ်သည်။

**Rev. David Lewis** သည် Concordia Seminary တွင် Exegetical Theology ၏ လက်ထောက်ပါမောက္ခဖြစ်သည်။

**Dr. Robert G. Lister** သည် Talbot School of Theology မှ သမ္မာကျမ်းစာနှင့် ဓမ္မပညာဆိုင်ရာလေ့လာခြင်း တွဲဖက်ပါမောက္ခဖြစ်သည်။

**Dr. Fredrick Long** သည် Asbury Theological Seminary တွင် ဓမ္မသစ်ကျမ်းဆိုင်ရာပါမောက္ခဖြစ်သည်။

**Dr. Dan McCartney** သည် Redeemer Theological Seminary တွင် ဓမ္မသစ်ဘာသာပြန်ဆိုခြင်းဆိုင်ရာ ပါမောက္ခဟောင်းဖြစ်သည်။

**Dr. Sean McDonough** သည် Gordon-Conwell Theological Seminary တွင် ဓမ္မသစ်ကျမ်းဆိုင်ရာပါမောက္ခဖြစ်သည်။

**Dr. John E. McKinley** သည် Talbot School of Theology မှ သမ္မာကျမ်းစာနှင့် ဓမ္မပညာဆိုင်ရာလေ့လာခြင်း တွဲဖက်ပါမောက္ခဖြစ်သည်။

**Dr. Thomas J. Nettles** သည် Southern Baptist Theological Seminary တွင် သမိုင်းဆိုင်ရာ ဓမ္မပညာပါမောက္ခဖြစ်သည်။

**Dr. John Oswalt** သည် Asbury Theological Seminary တွင် ဓမ္မဟောင်းကျမ်းဆိုင်ရာ ဧည့်ပါမောက္ခဖြစ်သည်။

**Dr. Alvin Padilla** သည် Western Theological Seminary တွင်ပညာရေးဌာန၏ ဒုတိယဥက္ကဋ္ဌဖြစ်သည်။

**Dr. Greg Perry** သည်တတိယထောင်စုနှစ်အမှုတော်များတွင် မဟာဗျူဟာစီမံကိန်းများဆိုင်ရာ ဒုတိယကျောင်းအုပ်ဖြစ်ပြီး၊ (ယခင်က Covenant Theological Seminary တွင် ဓမ္မသစ်ကျမ်းဆိုင်ရာ တွဲဖက်ပါမောက္ခနှင့် မြို့ပြအမှုတော်ဆိုင်ရာ အစီအစဉ်ညွှန်ကြားရေးမှူး)ဖြစ်သည်။

**Dr. Vern S. Poythress** သည် Westminster Theological Seminary တွင် ဓမ္မသစ်ဘာသာပြန်ဆိုခြင်းဆိုင်ရာ ပါမောက္ခဖြစ်ပြီး Westminster Theological Journal ၏အယ်ဒီတာဖြစ်သည်။

**Dr. Richard L. Pratt, Jr.**သည် တတိယထောင်စုနှစ်အမှုတော်များ၏ ပူးတွဲတည်ထောင်သူနှင့် ကျောင်းအုပ်ဖြစ်သည်။

**Dr. Scott Redd** သည် ဝါရှင်တန်ဒီစီရှိ Reformed Theological Seminary ၏ ဥက္ကဋ္ဌဖြစ်ပြီး၊ ဓမ္မဟောင်းကျမ်းဆိုင်ရာ တွဲဖက်ပါမောက္ခဖြစ်သည်။

**Dr. Eckhard Schnabel** သည် Gordon-Conwell Theological Seminary တွင်Mary F. Rockefeller ဂုဏ်ထူးဆောင် ဓမ္မသစ်ကျမ်းဆိုင်ရာပါမောက္ခ ဖြစ်သည်။

**Dr. Thomas R. Schreiner** သည် ဓမ္မသစ်အနက်ပြန်ဆိုခြင်းဆိုင်ရာ James Buchanan Harrison ပါမောက္ခဖြစ်ပြီး Southern Baptist Theological Seminary တွင် သမ္မာကျမ်းနှင့်အနက်ပြန်ဆိုခြင်း တွဲဖက်ဌာနမှူးဖြစ်သည်။

**Dr. Glen Scorgie** သည် San Diego ရှိ၊ Bethel Seminary တွင် ဓမ္မပညာဆိုင်ရာ ပါမောက္ခဖြစ်သည်။

**Dr. James D. Smith III** သည် San Diego ရှိ Bethel Seminary ၌ အသင်းတော်သမိုင်းဆိုင်ရာ တွဲဖက်ပါမောက္ခဖြစ်ပြီး၊ University of San Diego မှ ဓမ္မပညာဆိုင်ရာ တွဲဖက်ပါမောက္ခဖြစ်သည်။

**Dr. Mark L. Strauss** သည် San Diego ရှိ Bethel Seminary တွင်ဓမ္မသစ်ကျမ်းဆိုင်ရာပါမောက္ခဖြစ်သည်။

**Dr. K. Erik Thoennes** သည် Biola University's Talbot School of Theology မှ သမ္မာကျမ်းစာနှင့် ဓမ္မပညာလေ့လာခြင်းဆိုင်ရာ ပါမောက္ခဖြစ်ပြီး၊ သမ္မာကျမ်းစာနှင့် ဓမ္မပညာလေ့လာခြင်းဆိုင်ရာ ဓမ္မပညာဌာန၏ဌာနမှူးဖြစ်သည်။

**Rev. Dr. Stephen Tong** သည် ထင်ရှားသော တရုတ်ဧဝံဂေလိဆရာ၊ ဓမ္မပညာရှင်နှင့် ပြုပြင်ပြောင်းလဲရေးဧဝံဂေလိလှုပ်ရှားမှုကို မြှင့်တင်သူဖြစ်ပြီး၊ အင်ဒိုနီးရှားရှိ Stephen Tong Evangelistic Ministries International (STEMI)၊ Reformed Evangelical Church and Seminary ၏တည်ထောင်သူဖြစ်သည်။

**Dr. Carl R. Trueman** သည် ပင်ဆယ်ဗေးနီးယား၊ Glenside ရှိ Westminster Theological Seminary တွင် သမိုင်းကြောင်းဆိုင်ရာဓမ္မပညာနှင့် အသင်းတော်သမိုင်းပါမောက္ခ Paul Woolley ၏သမိုင်းဌာနမှူးဖြစ်သည်။

**Dr. William Ury** သည် Wesley Biblical Seminary တွင် စနစ်ကျသောဓမ္မပညာနှင့် သမိုင်းကြောင်းဆိုင်ရာပါမောက္ခ ဖြစ်သည်။

**Dr. Miles Van Pelt** သည် Reformed Theological Seminary တွင် ဓမ္မဟောင်းကျမ်းဆိုင်ရာ ပါမောက္ခနှင့် ပညာရေးဌာနမှူးဖြစ်သည်။

**Dr. Simon Vibert** သည် UK, Wimbledon Park ရှိ St. Luke's Church ၏ဘုန်းကြီးဟောင်းဖြစ်ပြီး၊ Wycliffe Hall, Oxford ၏ လက်ရှိဒုတိယကျောင်းအုပ်နှင့် School of Preaching ၏ညွှန်ကြားရေးမှူး ဖြစ်သည်။

**Dr. Peter Walker** သည် Trinity School for Ministry မှ သမ္မာကျမ်းစာလေ့လာမှုဆိုင်ရာ ပါမောက္ခ (Wycliffe Hall, Oxford University တွင် တွဲဖက်ဒုတိယကျောင်းအုပ်နှင့် သမ္မာကျမ်းစာလေ့လာခြင်း ပါမောက္ခဟောင်း ) ဖြစ်သည်။

**Rev. Dr. Michael Walker** သည် Texas, Dallas ရှိ Highland Park Presbyterian အသင်းတော်မှ ဓမ္မပညာရှင်ဖြစ်သည်။

**Dr. Larry J. Waters** သည် Dallas Theological Seminary တွင် Bible Exposition ဆိုင်ရာ ပါမောက္ခဖြစ်သည်။

**Dr. Stephen J. Wellum** သည် Southern Baptist Theological Seminary တွင် ခရစ်ယာန်ဓမ္မပညာဆိုင်ရာပါမောက္ခဖြစ်သည်။

**Rev. Dr. Thurman Williams** သည် စိန့်လူးဝစ်၊ MO ရှိ Grace and Peace Fellowship တွင် တွဲဖက်သင်းအုပ်ဆရာဖြစ်သည်။

**Dr. Ben Witherington III** သည် Asbury Theological Seminary တွင် ဓမ္မသစ်အနက်ဖွင့်ခြင်းဆိုင်ရာ ပါမောက္ခ ဖြစ်သည်။

**Dr. Stephen E. Witmer** သည် Gordon-Conwell Theological Seminary တွင် ဓမ္မသစ်ကျမ်းတွဲဖက်ပါမောက္ခဖြစ်ပြီး၊ Pepperell, MA ရှိ Pepperell Christian Fellowship ၏ ဦးဆောင်သင်းအုပ်ဆရာဖြစ်သည်။